# COVID - Fact & Fiction the Implications - Part 1

# COIVD-ဖြစ်ရပ်မှန်နှင့်စိတ်ကူးယာဥ်ကယက်ရိုက်ခတ်မှုများ

October 13, 2021

*Robin J Johnson*

## Preface

## နိဒါန်း

အပိုင်းသုံးပိုင်း၏ပထမဆုံးအကြောင်းအရာမှကြိုဆိုပါတယ်။ ဤသည်မှာ ကျနိုပ်တို့သည် လက်ရှိ အခြေနေကြားထဲတွင်နေထိုင်ရပြီး ကြုံတွေ့နေရသောအရာများ၏ အချို့သော ရှုထောင့်များကိုဖြေရှင်းရန်ကြိုးပမ်းမှုဖြစ်သည်။အောက်ပါကြောင်းအရာတစ်ခုစီတိုင်းကိုမှတ်ချက်ပေးရန်သို့မဟုတ်အားလုံးကိုပြည့်စုံစွာဖော်ရန်မဖြစ်နိုင်ပေ။ကျနော်သည် အရည်ချင်းပြည့်မီသောဆေးဖက်ဆိုင်ရာဝန်ထမ်းတစ်ဦးမဟုတ်၊သိပ္ပံဘွဲ့လက်မှတ်ကိုင်ဆောင်ထားသူတစ်ဦးလည်းမဟုတ်သလိုနိုင်ငံရေးပါတီဝင်တစ်ဦးလည်းမဟုတ်ပေ။ ကျနိုပ်သည်နှစ်(၅၀)ကျော်ရိုးရိုးလေးနဲ့အဆက်မပြတ်အမှုတော်ဆောင်နေသည့်ယေရှုခရစ်တော်၏အစေခံတစ်ဦးသာဖြစ်သည်။

ကျနပ်၏မျှော်လင့်ချက်မှာ လက်ရှိကျနိုပ်တို့အားလုံးကြုံတွေ့နေကြရသည့် မတူညီသောအချက်လက်များ၊ထင်မြင်ယူဆချက်များနှင့်ငြင်းခုံမှုများအပေါ်မျှတသည့်ထိုးထွင်းသိမြင်နိုင်မှုအချို့ကိုပေးရန်သာဖြစ်သည်။ဤဆောင်းပါးသည်လွန်ခဲ့သည့်တစ်နှစ်ခွဲအတွင်းကိုယ်ပိုင်ခရီးနှင့်သူငယ်ချင်းများ၊မိသားစုများ၊အမှုတော်လုပ်ဖော်ဆောင်ဖက်များ၊အဖွဲ့အစည်းများနှင့်အိမ်တွင်းနှင့်ပြင်ပ၊ အကူညီနှင့်လုံခြုံမှုလိုအပ်နေသူများမှထွက်ပေါ်လာသော မေးခွန်းများနှင့်စကားစမြည်ပြောဆိုခြင်းမှထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။အစီစဉ်မှာတည်ငြိမ်နေသည့်အမှန်တရားလမ်းကြောင်းအတိုင်းသွားနိုင်ရန်၊ ဤစိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက်ထိရောက်သည့်နည်းလမ်းများကိုရှာဖွေရန်၊လက်တွေ့ကျပြီး အကောင်းမြင်လမ်းကြောင်းပေါ်

တွင်လျှောက်လှမ်းနိုင်ရန်အတွက်ယုံကြည်ခြင်းကိုအခြေခံသည့်ထိုးထွင်းသိမြင်ခြင်းဖြင့်သာဖြစ်နိုင်သည်။

"ပညာရှိသောသူကိုဆုံးမလျှင်၊သူသည်သာ၍ပညာရှိလိမ့်မည်။ဖြောင့်မတ်သောသူကိုသွန်သင်လျှင်သူသည်သိပ္ပံအတတ်တိုးပွါးလိမ့်မည်" (သုတ္တံ ၉း၉)။

## Seeking truth (သမ္မာတရားကိုရှာဖွေခြင်း)

လူတော်တော်များများရဲ့ပါးစပ်ဖျားကနေထွက်လာတတ်တဲ့အရာမှာ"ကျနော်အမှန်တရားကိုသိချင်တယ်" ဟူ၍ဖြစ်သည်။သမ္မာကျမ်းစာဆိုင်ရာအနေထားကိုသိမြင်ခြင်းသာမကအထူးသဖြင့်ကျန်းမာရေးဆိုင်ရာအကြံညာဏ်နှင့်ကျန်းမာရေးဆိုင်ရာအချက်လက်များကိုရှာဖွေရာတွင်လည်းယင်းသည်မှန်ကန်ပါသည်။ဤအကြောင်းကိုနောက်ပိုင်းအပိုင်းနှစ်နှင့်အပိုင်းသုံးတွင်ဆွေးနွေးထားသည်။ ဤနေရာတွင် ရေးသားသားထားသည့်အတိုင်း သို့မဟုတ် အချို့သောအပိုင်းများကိုသင်သဘောတူချင်မှတူပေလိမ့်မည်။ ကျနုပ်၏တောင်းဆိုချက်မှာတည်ဆောက်ခြင်း၊ပြုပြင်ခြင်းနှင့်အားပေးခြင်းများအတွက် ဝိညာဉ်တော်မှတ်သွင်းရေးသားထားသည့်အတိုင်းလက်ခံစေလိုပါသည်။နောက်ဆုံးအချုပ်မှာကျနုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်ကိုအကြွင်းမဲ့ကိုးစားတတ်ရန်၊သူ၏နိုင်ငံတော်ကိုဦးစွာရှာဖွေရန်၊ဆုတောင်းခြင်း၌စိတ်အားကြီးရန်၊သူ၏နှုတ်တော်ထွက်တွင်ခိုင်မြဲရန်၊ သူ၏ဝိညာဉ်တော်၌ပြည့်ဝခြင်းရှိပြီးမဆုတ်မနစ်သောစိတ်ဖြင့်သူ၏ ဇဝ်ဂေလိကိုဝေငှနိုင်ရန်အတွက်ကျနုပ်နိမ့်ချအရှုံးပေးခြင်းဖြစ်သည်။

## A Worldwide Pandemic (ကမ္ဘာ့အနှံ့ကူးစက်ရောဂါ)

၂၀၂၀ အစောပိုင်းကာလကတည်းကကမ္ဘာကို Covid-19 သို့မဟုတ်ကိုဗစ်ဟုခေါ်ဆိုကြသည့် ကိုရိုနာရောဂါတစ်ပိုးမွှားတစ်မျိုး(SARS-CoV-2) မှတဆင့်ကူးစက်ပြန့်ပွါးသည့်ရောဂါမှချုပ်ကိုင်ထားသည်။၎င်းသည်သိပ္ပံနည်းကျစမ်း သပ်မှုများပြုလုပ်ထားသည့် ဓါတ်ခွဲခန်းမှရောဂါပိုးမွှားများ မတော်တဆလွတ်မြောက်သွားခဲ့ပုံရပြီး(သက်သေမပြနိုင်သော်လည်းတကမ္ဘာလုံး၏အမြင်)၂၀၁၉ခုနှစ်၌တရုတ်နိုင်ငံတွင်ဦးစွာတွေ့ရှိကာလျှင်မြန်စွာပြန့်နှံ့လာခဲ့သည့်ရောဂါတစ်မျိုးဖြစ်သည်။

ကျနုပ်တို့သည်အမှန်တကယ်ကျန်းမာရေးအကျပ်အတည်းကြားရင်ဆိုင်ဖြတ်သန်းနေရခြင်းဖြင့်အစပြုလိုပါသည်။၎င်းရောဂါပိုးမွှားမည်သို့မည်ပုံအစပြုသည်၊ ပြန်းပွါးလာသည့်ကြောင်းကို သင်မည်ကဲ့သို့ယုံကြည်နေသည်ဖြစ်စေ အမှန်တကယ်တွင်ပြဿနာ တစ်ခုဖြစ်နေသည်မှာသေချာသည်။ကမ္ဘာတဝှမ်းသန်းနဲ့ချီသောလူများထိုရောဂါကြောင့်သေဆုံးခဲ့ကြရပြီး အချို့မှာနာတာရှည်ရောဂါ ခံစားကြကာကံ

ကောင်းထောက်မစွာ သန်းနဲ့ချီသောရောဂါသည်များလည်းမကတိ ရောဂါမှပြန်လည်ကျန်းမာလာကြသည်။ကြေကွဲစရာမှာချစ်ခင်နေရသောသူများစွာသေဆုံးသွားခဲ့ကြသည်။ကမ္ဘာတဝှမ်းရှိဆေးရုံများနှင့်ဆေးဘက်ဆိုင်ရာ အဆောက်ဦးများရှိဆရာဝန်များနှင့်သူနာပြုများကိုအ လွန်ချီးကျူးရပေမည်။ဖျားနာသူများကိုနှစ်သိမ့်ကူညီရန်၊သေသူများ၏ကိစ္စရပ်များကိုဆောင်ရွက်ရန်၄င်းတို့၏အချိန်များစွာကိုကုန်ကျခံကာ၄င်းတို့ ၏စေတနာ၊အနစ်နာခံနိုင်မှုထက်များစွာကျော်လွန်သည်အထိဆက်ကပ်ပါဝင်ကြသည်။

ကျန်ုပ်တို့အားလုံးကလည်းကမ္ဘာကြီးသည်အနာဂါတ်တွင်ပိုမိုလုံခြုံကောင်းမွန်လာစေရန်ဆုတောင်းကြ သည်။

## There is a future (အနာဂါတ်တစ်ခုရှိပါတယ်)

ဒီကိုရိုနာကပ်ရောဂါကြီးဟာလည်းသူ့အဆုံးသတ်ချိန်ရောက်လာမယ်လို့ပြောပါရစေ။အများကပြောသလိုရောဂါကူးစက်ခံစားနေရတဲ့ ပုံမှန်ဘဝမဟုတ်ပဲအရင်ကဲ့သို့ပုံမှန်ဘဝကိုပြန်လည်ရရှိကြမည်။ကျန်ုပ်တို့အားလုံးအတွက်စိန်ခေါ်မှုမှာဤပိုင်းရပ်စ်ကိုကိစ္စကိုကိုင်တွယ်ဖြေရှင်းနေရသည့်လက်ရှိအချိန်နှင့်အနာဂါတ်လမ်းကြောင်းတွင်မည်သို့ဖြတ်သန်းရမည်နည်းဟူသည့်အချက်ဖြစ်သည်။

***ကမ္ဘာတစ်ဝှမ်းရှိလူများသည်ဤနတ်ဆိုးကျိန်စာ၊နတ်ဆိုးရောဂါကြီးလုံးဝကင်းစင်အဆုံးသတ်သွားရန်ဆုတောင်းနေကြသည်။***

အရေးအကြီးသောအချက်မှာအဓိကကျသောအချက်ကိုမျက်ခြေမပြတ်ကြည့်နေရန်လိုအပ်သည်။ယုံကြည်ခြင်းကိုအစအဦးစီရင်သူနှင့်ပြည့်စုံစေသောယေရှုခရစ်တော်ကိုစေ့စေ့ကြည့်ရှုပြီး(ဟေဗြဲ ၁၂း၂)၊သူ၏သက်သေဖြစ်ကြပါစို့(တမန်တော် ၁း၈)။ကျန်ုပ်တို့အသက်တာတွင်အရေးကြီးဆုံးဖြစ်သည့်ကျန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော်ကိုယုံကြည်ခြင်းမှမျက်ခြေပြတ်သွားစေနိုင်သည့်များပြားလှသည့်အချက်လက်များ၊အကြောင်းအရာများကိုလွန်ကဲစွာစွဲမြဲတွယ်ကပ်မနေကြစို့နှင့်။ကျန်ုပ်တို့သည်ခက်ခဲလှသောအချိန်များတွင်မျှော်လင့်ချက်အသံတစ်ခု၊အမှောင်ထဲတွင်လမ်းပြသောအလင်းရောင်၊ကောင်းသောအကျင့်များကိုပျံ့နှံ့စေကာကောင်းကင်ဘုံ၌ရှိသောဘုရားသခင်၏ဘုန်းတော်ကိုသယ်ဆောင်သောသူများဖြစ်ကြရမည်။

သူတပါတို့သည်သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှါသူတပါးရှေ့၌သင်တို့အလင်းကိုလင်းစေကြလော့ "မဿဲ ၅း၁၆"။

## Guard your hearts and minds (သင်၏စိတ်နှလုံးကိုစောင့်ရှောက်လော့)

ကိုဗစ်ရောဂါ၏ နောက်ဆက်တွဲ ကာကွယ်ဆေးများနှင့်ပါတ်သက်ပြီး အမှန်တကယ်အကျိုးရှိပြီးအထောက်အကူဖြစ်သေ ာအရာများစွာရှိသကဲ့သို့ အထောက်အကူသိပ်မဖြစ်သည့် အချက်လက်များစွာ

လည်းရှိပါသည်။အများစုမှာသိပ္ပံနှင့်ဆေးဖက်ဆိုင်ရာသုတေသနများပေါ်အခြေခံထားသော်လည်းသိပ္ပံပညာရှင်များနှင့်ဆေးဘက်ဆိုင်ရာကျန်းမာရေးအသိုင်းဝိုင်းများကြားတွင်ပင်ကွဲပြားသောအမြင်များ၊ကွဲလွဲနေသောအထောက်ထားများစွာရှိနေသေးသည်။ အခြားသောအရာဖြစ်သည့် စိတ်ကူးယာဉ်ဆန်ခြင်း၊ စိတ်ကူးယာဉ်ခြင်း၊လှည့်ဖြားခြင်းနှင့် အကြောက်တရားများကို ဖြစ်ပေါ်စေအရာများလည်းရှိနေပြီးအန္တရယ်ရှိပါသည်။လူအများအတွက်ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေထားသောသတင်းအချက်လက်များနှင့်သတင်းမှား များအားလုံးကြားရှုပ်ထွေးမှုများနှင့်ပဋိပက္ခများစွာရှိနေသည်မှာအံ့ဩစရာမရှိပါ။ "အဝိဇ္ဇာသည်ချမ်းသာခြင်း" ဟူသာရေးရိုးစ ကားတစ်ခုရှိပါသည်။ဘုရားသခင်၏လူများကိုပြော နေသလားတော့မသိပါ။အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏လူများကို ပြောသည့်ပို၍ရှေးကျသော စကားရှိသည်။

"ငါ့လူတို့သည်ပညာနည်းသောကြောင့်ဆုံးရှုံးခြင်းသို့ရောက်ကြ၏။ (ဟောရှေ ၄း၆)"

ထို့ကြောင့်မည်သူကအဘယ်အရာကိုယုံကြည်သည်ဆိုသည်မှာကျန်ုပ်တို့ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုဖြစ်သည်။ကျန်ုပ်တို့လိုက်နာရမည့်နောက်ထပ်အရေးကြီးသောအချက်မှာရှုပ်ထွေးမှုများနှင့်ပဋိပက္ခများသည် ကျန်ုပ်တို့အတွင်း၌ချုပ်နှောင်ခြင်း မပြုရန်သို့မဟုတ်ကျန်ုတို့မိသားစုနှင့်သူငယ်ချင်းများကြားတွင်အပျက်သဘောဆောင်သည့်အကျိုးသက်ရောက်မှုမဖော်ဆောင်ရန်သတိထားရမည်ဖြစ်သည်။

"နှလုံးသည်အသက်၏အခြေအမြစ်ဖြစ်သောကြောင့်၊သင်၏နှလုံးကိုအထူးသဖြင့်စောင့်ရှောက်လော့" (သုတ္တံ ၄း၂၃)။

နာကျင်ဖွယ်ကောင်းသည့်မိုက်မဲသောစကားများကို မယုံကြည်သူများထံမှကြားရသကဲ့သို့ယုံကြည်သူများထံတွင်လည်းကျန်ုပ်ကြားနေရသည်။လူတို့သည်ခါးသီးစွာကွဲပြားခြင်းဖြင့်ပုံသွင်းနေကြသည်။ကိုဗစ်ကြောင့်မိသားစုများ ကွဲပြားနေကြရပြီး၊ သူငယ်ချင်းများအချင်းချင်းလည်း ကွေကွင်းပြတ်စဲနေကြကာနောက်ဆုံး သောအချိန်ကာလနှင့်ပါတ်သက်၍လည်းခန့်မှန်းငြင်းခုံနေကြသည်။

"သူခိုးသည်ခိုးခြင်း၊သတ်ခြင်း၊ဖျက်ဆီးခြင်းငှါသာလာတတ်၏" (ယောဟန် ၁၀း၁၀)ကျန်ုပ်တို့သည်သဏ္ဍာန်၊သွင်ပြင်မည်သည့်နည်းနှင့်မျှသူ၏သုံးပြုခြင်းအခွင့်မပေးရန်လိုအပ်သည်။

**ကျန်ုပ်တို့၏မိသားစု၊သူငယ်ချင်းများနှင့်ပါတ်သက်၍ကျန်ုပ်တို့၏ဆက်ဆံရေးကိုအထူးသဖြင့်ကာကွယ်ရန်မှာအရေးအကြီးဆုံးဖြစ်သည်။**

"မှန်းသောစိတ်သည်ရန်တွေ့ရာသို့တိုက်တွန်းတတ်၏။ချစ်သောစိတ်မူကားခပ်သိမ်းသောအပြစ်တို့ကိုဖုံးအုပ်တတ်၏" (သုတ္တံ ၁၀း၁၂)။

"အခြားသောအမှုအရာထက်မက၊အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ချစ်ခြင်းမေတ္တာသည်များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်၏"(၁ ပေ ၄း၈)။

## Children (ကလေးများ)

တိုတိုပြောရပါက (အရွယ်ရောက်ကြပြီဖြစ်ကြသည့်ကလေး ၅ ယောက်နှင့်မြေး ၁၅ ယောက်တို့၏ဖခင်တစ်ဦးအနေဖြင့်)ကလေးများကိုစကားပြောသည့်အခါ သူတို့ အသက်အရွယ်နှင့်လိုက်ဖက်သင့်တော်သည့်အကြောင်းအရာ၊အချက်အလက်များကိုသုံးတတ်ရန်ကျနုပ် အကြံပြုလိုပါသည်။ ဤအရာများမှာအားလုံးအတွက်ခက်ခဲသည့်အချိန်ကာလများဖြစ်သည်။ အရွယ်ရောက်ပြီးသူများသည် စကားဝိုင်းများနှင့်သတင်းဝန်ဆောင်မှုများကိုကြည့်ရှုခြင်းဖြင့်ကြောက်ရွံ့ခြင်းမဖြစ်လာစေရန်သို့မဟုတ်မထိခိုက်စေရန်အထူးဂရုစိုက်ရမည်။သင်၌ရှိသည့်စိတ်အနှောက်ယှက်ဖြစ်မှု၊ဒေါသများကသင့်ကလေးများကိုမလွှမ်းပါစေနဲ့။၄င်းတို့၏စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသည်အရေးကြီးပြီးသူငယ်ချင်းများ၊မိသားစုများထံမှဝေးကွာသည့်စိတ်ပိုင်းဆိုင်ရာအထီးကျန်မှုတို့မှတဆင့်စိတ်ဖိစီးမှုနှင့်အနှောက်ယှက်များဖြစ်စေနိုင်သည်။ ထိုအရာမျိုးကိုကျနုပ်တို့မည်သို့ကိုင်တွယ်သည်၊မည်သို့တုန့်ပြန်သည်ဟူသောအရာမှာကလေးများ၏တုန့်ပြန်မှုအတွက်အလွန်အရေးပါသောအစိတ်အပိုင်းဖြစ်သည်။သူတို့သည်ကျနုပ်တို့၏အပြုအမူနှင့်တုန့်ပြန်မှုကိုစောင့်ကြည့်နေကြသည်။

"အမျက်ထွက်သည်တိုင်အောင်စိတ်မတိုနှင့်။အမျက်သည်မိုက်သောသူတို့၏စိတ်နှလုံး၌နေရာကျတတ်၏" (ဒေသနာ ၇း၉)။မိမိကိုယ်ကိုထိန်းချုပ်ခြင်းသည်ယနေ့ခေတ်တွင် ကျနုပ်တို့အားလုံးအတွက်အရေးကြီးသောလူသုံးကုန်ဖြစ်သည်။

"ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည်အားကြီးသောကိုးစားရာအခွင့်ကိုဖြစ်စေတတ်၏။သားတော်တို့သည်လည်းခိုလှုံရာအရပ်ကိုရကြလိမ့်မည်" (သုတ္တံ ၁၄း၂၆)။

ကျနော့ခန့်မှန်းချက်အရဆိုရင်ကျောင်းတွေပိတ်နေရခြင်းကြောင့်အကြီးမားဆုံးစိန်ခေါ်မှုမှာခလေးများအွန်လိုင်းဖြင့်သာကျောင်းတက်နေကြရခြင်းဖြစ်မည်ဟုထင်သည်။ထိုကဲ့သို့သောနေ့ရက်များကျော်ဖြတ်နိုင်တော့မည်ဟုလည်းမျှော်လင့်မိပါသည်။လက်ရှိအခြေနေကြောင့်မှင်သက်မနေပါနှင့်။ အနာဂါတ်ကိုမျှော်ကြည့်ပြီးသင့်ခလေးများ၌ရှိသော အခက်ခဲများကိုတွန်းလှန်နိုင်သည့်ခံနိုင်ရည်များရှိနေသည်ကိုယုံကြည်ပေးပါ။သင်၏စောင့်ရှောက်မှု၊ဆရာ၊မများ၏ပံ့ပိုးမှုများနှင့်အတူ သူတို့သည်လိုက်လျောညီထွေမှုရှိပေလိမ့်မည် (သင်ယူမှုတစ်ခုခုအကျိုးသက်ရောက်မှုရှိခဲ့လျှင်)။ သား၊သမီးတိုင်းကိုပညာပေးရန်မှာမိဘ

တိုင်း၌အဆုံးစွန်ထိတာဝန်ရှိသည်။အစိုးရကျောင်းသို့မဟုတ်ကိုယ်ပိုင်ကျောင်းစသည့်မည်သည့်ကျောင်းတွင်မိမိသား၊သမီးများကိုတက်ရောက်စေလိုသည်ကိုမူ မိဘများကသာနောက်ဆုံးဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။အစိုးရကကျွန်ုပ်တို့၏သား၊သမီးများကိုမပိုင်ဆိုင်ပေ။

## Sifting through the information (အချက်လက်များကိုခွဲခြမ်းစိတ်ဖြာခြင်း)

ကပ်ရောဂါတစ်ခုသာရှိသော်လည်းသတင်းအချက်လက်ပမာဏနှင့်သတင်းမှားများကြားပိုင်းခြားသိမြင်နိုင်ရန်စိန်ခေါ်မှုကိုကျွန်ုပ်တို့ရင်ဆိုင်နေကြရသည်။ကျွန်ုပ်တို့သည်ဆေးဘက်ဆိုင်ရာအကြံဉာဏ်များ၊ အစိုးရချမှတ်ထားသောစည်းမျဉ်းများနှင့် ဆောင်ရွက်ချက်များ၊ နောက်ဆုံးသောကာလနှင့်ပါတ်သက်သည့်သီအိုရီများ၊သမ္မာကျမ်းစာ၏သွန်သင်ချက်များအားလုံးဖြစ်စေ၊ထိုအထဲမှတချို့သောအကြောင်းအရာများကြားစိန်ခေါ်မှုများကြုံတွေ့နေကြရခြင်းဖြစ်သည်။အပိုင်းတစ်တွင်ကျွန်ုပ်သည်ကျွန်ုပ်အကျွမ်းကျင်ဆုံးနှင့်တိကျသောအထောက်အထားနှင့်တကွသိရှိပြီး အဏာပိုင်တချို့နှင့်လည်းစကားပြောခွင့်ရစေမည့်သမ္မာကျမ်းစာကိုအခြေခံသော တုန့်ပြန်မှုကိုအာရုံစိုက်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူကျွန်ုပ်သည်စာဖတ်သူအားထိုအချက်ကိုပျော်ရွှင်စွာသိစေလိုပါသည်။

## On the Rock — Wisdom from Above (ကျောက်ပေါ် - အထက်မှလာသောဉာဏ်ပညာ)

ဘဝ၏စိန်ခေါ်မှုများနှင့်ပဋိပက္ခအားလုံးနှင့်ပါတ်သက်သည့်ကျွန်ုပ်တို့၏ငြင်းခုံမှုများကိုချင့်ချိန်၊ညှိတတ်ရန်မှန်ကန်သည့်သမ္မာကျမ်းစာကိုအခြေခံရန်လိုအပ်သည်။ သမ္မာကျမ်းစာသည် Covid အကြောင်း (အခြားအကြောင်းများစွာ)ကိုတိတိကျကျပြောထားခြင်းမရှိပေ။မည့်သို့ပင်ဖြစ်စေကျွန်ုပ်တို့၏အနာဂါတ်ခရီးလမ်းသည်ကျောက်တည်းဟူသောယေရှုခရစ်တော်နှင့်သူ၏နတ်ကပါတ်တော်ကိုအခြေခံရမည်ဖြစ်သည်။

-သမ္မာတရားပေါ်တွင်မလွဲမတွေတည်ဆောက်ပါ။

-ဘုရားသခင်ထံမှလာသောဉာဏ်ပညာဖြင့်မိမိကိုယ်ကိုပါတ်ရစ်ပါ။

-ဘုရားသခင့်နိုင်ငံတော်နှင့်စပ်ဆိုင်သောစည်းကမ်းနှင့်တန်ဖိုးများကိုလိုက်နာပါ။

"ဘုရားသခင်၏နိုင်ငံတော်သည်...ဖြောင့်မတ်ခြင်း၊ငြိမ်သက်ခြင်း၊သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခံရသောဝမ်းမြောက်ခြင်း၌တည်၏" (ရောမ ၁၄း၁၇)။

"အထက်မှရောက်သောပညာဟူမူကား၊ရှေးဦးစွာစင်ကြယ်၏။ထိုမှတပါးအသင့်တင့်နေတတ်၏။ဖြည်းညှင်းသောသဘောရှိ၏။သွေးဆောင်လွယ်၏။ဂရုဏာနှင့်၎င်း၊ကောင်းကျိုးနှင့်၎င်းပြည့်စုံ၏။လျစ်လျူရှုသောစိတ်ရှိ၏။လို့ဝှက်ခြင်းနှင့်ကင်းစင်၏။အသင့်တင့်နေခြင်းငါပြုစုတတ်သောသူတို့သည်ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကိုငြိမ်သက်စွာကြဲတတ်၏။ (ရှင်ယာကုပ် ၃း၁၇-၁၈)"

## Confusing Voices (ရှုပ်ထွေးနေသောအသံများ)

စိတ်ခံစားမှုများပြားလှသည့်လို့ဝှက်ကြံစည်မှုသီအိုရီများနှင့်အတူအထောက်အထားမရှိသောအခိုင်မာပြောဆိုမှုများ၊လိမ်လည်လှည့်ဖြားမှုများစသည့် လိုအပ်သည်ထက်ပိုသောထင်မြင်ချက်များစွာရှိသည်။ များစွာသောလူတို့သည်သူတို့၏စိတ်ကူးယာဉ်များကိုမျှဝေခဲ့ကြပြီးအချို့ကဘုရားသခင်ကိုပင်(သံသယဖြစ်ဖွယ်ပရောဖက်ပြုချက်များနှင့်ဗျာဒိတ်တော်များဖြင့်)တိုင်တည်ပြောဆိုခဲ့ကြသည်။ထိုကဲ့သို့သောအရာများသည်အထူးသဖြင့်နုံအသူ၊အားနည်းသူ၊မရင့်ကျက်သေးသောယုံကြည်သူများအတွက်အကူညီမဖြစ်ပဲစိတ်ထိခိုက်စေနိုင်သည့်ရှုပ်ထွေးမှုများကိုသာဖြစ်စေနိုင်သည်။နုတ်ဆိတ်နေခြင်းသည်သင့်လျော်သည့်တုန့်ပြန်မှုမဟုတ်ပေ။အကြံညာဏ်ပေးခြင်းများမရှိခြင်းကြောင့်လူအများသည်သတင်းမှားများနှင့် အမျိုးမျိုးသောပူးပေါင်းကြံစည်မှုစ သည့်အရာများကို ဆုပ်ကိုင်ကြကာ ရှန်းရင်းဆန်ခတ်လစ်ဟာမှုများရှိနေသည်။အခြားတဖက်တွင်သတိပညာနှင့်မျှတသောအမြင်များဖြင့် ယုံကြည်မှုအပြည့် ဟောပြောနေကြသည့်ခရစ်ယာန်ခေါင်းဆောင်များစွာတို့မှနားလည်မှုလွဲမှားခြင်းနှင့်ဝေဖန်ခြင်းတို့ကိုပွင့်လင်းမြင်သာစွာလုပ်ဆောင်နိုင်ခြင်းအတွက်ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။

အကယ်၍ကျနုပ်တို့ပိုင်းခြားပြီးသိမြင်နိုင်သည့်နေ့တနေ့ရှိခဲ့ပါကငင်းနေ့သည်ယနေ့ဖြစ်သည်။ပိုင်းခြားသိမြင်မှုမရှိသည့်အီးမေးလ်များ၊မက်ဆေ့ချ်များစွာကိုကောင်းမွန်သောရည်ရွယ်ချက်ဖြင့်ကောင်းမွန်သောလူများထံမှမကြာခဏဆိုသလိုလက်ခံကြရမည်ဖြစ်သည်။မူရင်းအများစုသည် သံသယရှိသောအရင်းမြစ်များ၊အခြားခေတ်သစ်ကိုးကွယ်သူများနှင့်ထူထောင်မှုကိုဆန့်ကျင်သောမင်းမဲ့စရိုက်ရှိသူများအုပ်စုထံမှလာသည်။

ထို့နောက်မျိုးချစ်စိတ်ရှိကြပြီးခရစ်ယာန်အမြင်များကိုငင်းတို့၏မျိုးချစ်စိတ်နှင့် ရောနှောတတ်သူများလည်းရှိကြသည်။မျိုးချစ်စိတ်သည်လုံးဝမှားယွင်းသောအရာမဟုတ်ပေ။ လူမျိုးတစ်မျိုး၏မာနသည် ချီးမွမ်းဖွယ်ကောင်းသော်လည်း၊၎င်းသည်တခါတရံတွင် လွဲမှား၍ဘုရားသခင် ၏နိုင်ငံတော်နှင့်တိုက်ရိုက်ပါတ်သက်လာသေတအခါမသင့်လျော်သည့်အရာဖြစ်တတ်သည်။ယုံကြည်သူများအနေဖြင့်ကျနုပ်တို့၏နိုင်ငံသားဖြစ်ခြင်းကိုနားလည်ရမည်။

"ငါတို့ကျင့်သောအကျင့်မူကားကောင်းကင်ဘုံနှင့်စပ်ဆိုင်လျှက်ရှိ၏။ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်သည်ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟုငါတို့သည်မျှော်လင့်လျှက်နေကြ၏"
(ဖိလိပ္ပိ ၃း၂၀)"

*"ကျမရဲ့နိုင်ငံကိုကျမချစ်ပြီးအမေရိကန်သူအဖြစ်မွေးဖွားလာရတာဝမ်းသာပါတယ်၊ဒါပေမယ့်ကျမရဲ့နိုင်ငံအပေါ်ထားတဲ့ကျမရဲ့ချစ်ခြင်းမေတ္တာတွေကိုကျမရဲ့ယုံကြည်ခြင်းဆောင်းပါးတော့ဘယ်တော့မှအဖြစ်မခံပါဘူး။ကျမကဘုရားသခင်ရဲ့နိုင်ငံတော်တော်သားဖြစ်တယ်။အမေရိကဆိုတာမြေပုံပေါ်မှာရှိနေတဲ့နေရာတစ်ခုပါပဲ။ဘုရားသခင်ရဲ့နိုင်ငံတော်ဆိုတာဘုရားသခင်ရဲ့အုပ်စိုးမှုနဲ့အုပ်စိုးမှုကိုအကောင်ထည်ဖော်တဲ့ထာဝရနိုင်ငံတော်တစ်ခုဖြစ်တယ်။မျိုးချစ်စိတ်ဟာကျနုပ်တို့ရဲ့ယုံကြည်ချက်တစ်ခုဖြစ်လာတဲ့အခါအမုန်းတရားတွေမွေးဖွားလာပြီးလူတွေအမြဲတမ်းနာကျင်ကြရတယ်" **(R Loren Sandford -** သူမဟာဝမ်းနည်းစရာပဲ ၂၀၂၁ခု၊စက်တင်ဘာလမှာခရစ်တော်နှင့်အိပ်ပျော်ခဲ့တယ်)*

ကျနုပ်တို့သည်ဘုရားသခင့်နှုတ်ကပါတ်တော်ကိုဖတ်ရှုခြင်း၊အသုံးပြုခြင်းအားဖြင့်ထိုးထွင်းသိမြင်တတ်လာကြသည်။ "တစ်ယောက်သောသူအားစိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍သိနိုင်သောအခွင့်ကိုငှင်း" (၁ကော ၁၂း၁၀)၊ "ကောင်းကျိုးမကောင်းကျိုးကိုပိုင်းခြား၍သိနိုင်သောညာဏ်ပေးတတ်သော၊အကြားအမြင်၊အတွေ့အစမ်းများသောသူတည်းဟူသောစုံလင်သောအရွယ်ရှိသောသူတို့မူကားကြေခဲသောအစာဟာရကိုသုံးဆောင်ကြ၏" (ဟေပြဲ ၅း၁၄)။အခြားအချိန်တွင်ပိုမိုအာရုံစိုက်ရန်လိုအပ်သည့်ခေါင်းစဉ်တစ်ခုဖြစ်သည်။

## Different Opinions (ကွဲပြားသည့်အမြင်များ)

လူတို့သည်မတူကွဲပြားသည့်မိမိတို့အမြင်များကိုကိုင်စွဲကြလိမ့်မည်။ကျနုပ်တို့သည်ခိုင်လုံပြီးလက်တွေ့ကျသည့်အချက်လက်များကိုဖြစ်နိုင်သည့်အခါတိုင်းရှာဖွေရမည်။ယုံကြည်သူများအနေဖြင့်ကျနုပ်တို့၏ကိုယ်ပိုင်ရပ်တည်ချက်များသည်သမ္မာညာဏ်ပညာနှင့်ပြည့်စုံပြီးနိုင်ငံတော်၏အာဏာပေါ်တွင်အကြွင်းမဲ့တည်မှီနေရမည်ဖြစ်သည်။ ပွင့်လင်း၊ခိုင်မာပြီးလေးစား ဖွယ်သော စကားစစ်ထိုးခြင်းများကို ကျနုပ်တို့မကြောက်သင့်ပေ။၎င်းသည်အမြဲတမ်းကောင်းမွန်ပါသည်။

"သံကိုသံဖြင့်ထက်စေသကဲ့သို့လူသည်အဆွေခင်ပွန်း၏မျက်နှာကိုထက်စေတတ်၏" (သုတ္တံ ၂၇း၁၇)။

ကျနုပ်တို့အဖြေများကိုလိုက်ရှာရာတွင်ကျနုပ်တို့၌နားထောင်လိုစိတ်၊သင်ယူလိုစိတ်၊ကျနုပ်တို့၏ထင်မြင်ယူဆချက်များကိုပြောင်းလဲစိတ်(လိုအပ်ပါက)စိတ်ရမည်ဖြစ်ပြီးကျနုပ်တို့ သဘောမတူလိုသောအရာများကိုပင်ငြိမ်းချမ်းစွာသဘောတူနိုင်ရမည်။ အချင်းချင်းစကားစစ်ထိုးရာတွင်လေးစားမှုအပြည့်ရှိရမည်ဖြစ်ပြီး၊ဆက်သွယ်ရေးတံခါးကိုဖွင့်ရန်လိုအပ်ကာအရေးအကြီးဆုံးသောအချက်မှာ "သမ္မာတရားကိုချစ်ခြင်းမေတ္တာဖြင့်ပြောရန်" (ဖေက် ၃း၁၅)လိုအပ်သည်။တစ်စုံတဦး၏မတူညီသောအမြင်သို့မဟုတ်ကဲ့ရဲ့

ဝေဖန်ခြင်းကိုမတုန့်ပြန်ပဲနုတ်ဆိတ်နေခြင်းသည်လည်းမသင့်လျော်ပေ။အသက်အန္တရယ်ကိုခြိမ်းခြောက်နိုင်သည့်သိသာထင်ရှားသောအရာတစ်ခုကိုသေချာသင့်လျော်စွာကိုင်တွယ်ဖြေရှင်းသင့်သည်။

"အဘယ်သူကိုမျှမကဲ့ရဲ့ရန်တွေ့ခြင်းကိုမပြုဖြည်းညှင်းသောသဘောရှိ၍ခပ်သိမ်းသောသူတို့၌အလွန်နူးညံ့သိမ်မွေ့စွာပြုစေခြင်းငှါရင်းသတိပေးလော့" (တိတု ၃း၂)။

## Fanciful Imaginations (စိတ်ကူးယာဉ်ဆန်သောစိတ်ကူးများ)

အကြောက်တရားများ၊ သံသယများနှင့်မသိနိုင်သည့်စိတ်ကူးယာဉ်သီအိုရီများကဝန်းရံနေသည်။ ကမ္ဘာ့ရှာကြီးဝါဒီများ၏သိမ်းပိုက်မှု၊လူဦးရေလျော့နည်းလာမှု၊တစ်ခုတည်းသောကမ္ဘာ့အစိုးရဖြစ်ရေးအန္တီခရစ်၊ သားရဲနှင့်၎င်း၏ အမှတ်အသားစသည်တို့သည် ခရစ်ယာန်အသိုင်းဝိုင်းကြားထဲလျှင်မြန်စွာ ပျံ့နှံ့လာခဲ့သည်။မကြာသေးမီကကျနိုပ်ကိုချီဆောင်ခြင်းအလွန်ကျော်ကြားကြောင်းပြောပြကြသည်။ဤကဲ့သို့စိတ်ကူးယာဉ်ဆန်သောအရာများသည်နနယ်ပြီးခွဲခြားသိမြင်နိုင်စွမ်းမရှိသေးသည့်ယုံကြည်သူလူငယ်များကိုမကြာခဏဆိုသလိုစိတ်ဝမ်းကွဲပြားစေပြီးကြောက်ရွံ့ စိတ်များကိုဖြစ်ပေါ်စေကာ အကျိုးမရှိမရှိလှချေ။ကျနိုပ်၏ရိုးရှင်းသည့်အကြံပြုချက်မှာစိတ်ကူးယာဉ်ဆန်လွန်းသောအရာများကို ဘေးချိတ်ပြီးသန့်ရှင်းသောဝိညာဉ်တော်နှင့်ဘုရားသခင်၏နှုတ်ကပါတ်တော်ကိုသာအာရုံစိုက်ကာသင့်ကိုသင်မြှင့်တင်တည်ဆောက်ပါ။

"ညီအစ်ကိုတို့သမ္မာတရားနှင့်ဆိုင်သောအကျင့်၊လျောက်ပတ်သောအကျင့်၊ဖြောင့်မတ်သောအကျင့်၊စင်ကြယ်သောအကျင့်၊သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ချီးမွမ်းဖွယ်သောသောအကျင့်ရှိသမျှတို့ကိုငင်းပါရမီတပါးပါး၊ကောင်းသောသတင်းတစ်ပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုင်း၊နှလုံးသွင်းကြလော့" (ဖိလိပ္ပိ ၄း၈)။

လိမ်လည်လှည့်ဖြားခြင်းသည် အများသောအားဖြင့် အမှန်တရား၏ဘေးတွင်နီးကပ်နေတတ်ပြီး၊လှည့်ဖြားခြင်း၊လှည့်စားခြင်းတို့ဖြင့်လူတို့ကိုထိမိ၍လဲကျစေတတ်သည်။ငယ်ရွယ်သူများ၊ ယုံကြည်ခြင်းတွင်မရင့်ကျက်သေးသောသူများသို့မဟုတ်ပိုင်းခြားသိမြင်နိုင်စွမ်းမရှိသောသူများသည်မကြာခဏဆိုသလိုထိခိုက် လွယ်ကြသည်။မတူညီသောအရာများကိုတွေ့မြင်ရခြင်းသည်မကြာခဏအံ့အားသင့်စရာဖြစ်သော်လည်းရင့်ကျက်သူများဟုယူဆရသောသူများ၊ပို၍သိသင့်သူများသည်မေးခွန်းထုတ်စရာသံသယသီအိုရီများနောက်လိုက်ကြသည်။ကျနိုပ်တို့အားလုံးလျှို့ဝှက်ဆန်းကျယ်မှုကိုနှစ်သက်ကြသည်။ ဧဝံဂေလိခရစ်ယာန်များသည်ပူးပေါင်းကြံစည်မှုသီအိုရီများနောက်သို့လိုက်ရန်မြင့်မားသည့်သဘောထားရှိကြောင်း

ကောင်းစွာသိရှိထားသည်။ထိုကဲ့သို့ဖြစ်ရသည့်အကြောင်းရင်းတစ်ချက်မှာမှန်ကန်ပြီးချင့်ချိန်မှုရှိသောသမ္မာကျမ်းစာသင်ကြားခြင်းမရှိသောကြောင့်ဖြစ်သည်။

"ဝိညာဉ်တော်သည်အတိအလင်းဖျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌ဩတ္တပ္ပစိတ်တွင်သံပူခတ်ခြင်းကိုခံပြီးလျှင်၊မုသာကိုပြောတတ်သော သူတို့၏ဟန်ဆောင်ခြင်းအားဖြင့် လူအချို့တို့သည်ယုံကြည်ခြင်းကိုစွန့်ပါယ်၍လှည့်ဖြားတတ်သောဝိညာဉ်တို့နှင့်ဧင်း၊နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌ဧင်းမှီဝဲဆည်းကပ်ကြလိမ့်မည်" (၁ တိမောတေ ၄း၁)။

## Fear Not (မကြောက်ပါနဲ့)

*We need to stand and declare, "Fear will not triumph over me!"*

*"ကြောက်ရွံ့ခြင်းသည်ကျွန်ုပ်ကိုနိုင်မည်မဟုတ်" ဟုကျွန်ုပ်တို့သည်မတ်သပ်ရပ်ကာကြွေးကြော်ရန်လိုအပ်သည်။*

ဤကမ္ဘာ့အနှံ့ဖြစ်ပွါးသောရောဂါနှင့် အခြားအရာများပြောခဲ့သည့် အစပိုင်းတွင်ပြောပြခဲ့သည့်ရောဂါပိုးထက်ကြောက်ရွံ့ခြင်းကပို၍ဆိုးဝါးကြောင်းသတိပေးခဲ့သည်။ကံမကောင်းစွာပဲဧင်းသည်မှန်ကန်ကြောင်းသက်သေပြခဲ့ပြီးဖြစ်သည်။ ယနေ့ဖြစ်ပျက်နေသည့်ကိစ္စအတော်များများမှာ အကြောက်တရား၏တွန်းအားများသာဖြစ်သည်။ကျွန်ုပ်တို့သည်သတိလက်လွတ်မနေပဲအသိညာဏ်ရှိရန်လိုအပ်သည်၊သို့သော်ကျွန်ုပ်တို့နေထိုင်မှုပုံစံကိုအကြောက်တရားအားအဆုံးဖြတ်ပေးခွင့်မပြုရန်လိုအပပ်သည်။

သမ္မာကျမ်းစာတွင် "မကြောက်နဲ့" (သို့မဟုတ်ဧင်းနှင့်အဓိပ္ပါယ်တူသည့်ဝေါဟာရ) ကို ၃၆၅ကြိမ်သုံးနှုန်းထားသည်ဟုကျွန်ုပ်ယုံကြည်ပါသည်။ထို့ကြောင့်ကျွန်ုပ်တို့အတွက်လုံလောက်သည်(ရက်ထပ်နှစ်တွင်တစ်ရက်တုန်လှုပ်နိုင်ခြေရှိတဲ့နေ့တစ်နေ့ကလွဲလို့)။

**We have an antidote to fear; living surrendered to and having faith in our God.**

**ကျနုပ်တို့တွင်အကြောက်တရားနှင့်ပါတ်သက်ပါကဖြေဆေးရှိပြီးဧင်းမှာဘုရားသခင့်ရှေ့မှောက်တွင်လက်မြှောက်အရှုံးပေးပြီးယုံကြည်ခြင်းဖြင့်တိုးဝင်ခြင်းဖြစ်သည်။**

"ထာဝရဘုရားကိုခိုလှုံ၍ကောင်းသောအကျင့်ကိုကျင့်လော့။ပြည်တော်၌နေ၍သစ္စာတရားကိုကျက်စားလော့" (ဆာလံ ၃၇း၃)။

### *Fear always partners with a lie.*
### *အကြောက်တရားသည်လိမ်ညာမှုနှင့်အမြဲတမ်းတွဲတတ်နေတတ်သည်*

လိမ်ညာမှုသည်ပုံစံမျိုးစုံဖြင့်ရောက်လာတတ်သည်။ပြောင်ကျကျလိမ်ညာခြင်းရှိတတ်သည်။ထို့ပြင်သိမ်မွေ့စွာလိမ်ခြင်း၊သတင်းမှားဖြင့်လိမ်ခြင်း သို့မဟုတ်  လွဲများစွာတင်ပြခြင်း၊သို့မဟုတ်တဝက်တပျက်မှန်သောလိမ်ခြင်းစသည့်အခြားသောလိမ်ခြင်းများလည်းရှိသည်။၎င်းနှင့်ပါတ်သက်ပြီးတစ်စုံတစ်ယောက်ကစာရင်းစာဇယားများကိုလိုက်လျောညီထွေဖြစ်အောင်အလွယ်တကူခြယ်လှယ်နိုင်ခြင်းကြောင့်ဖြစ်နိုင်သည်ဟုတစ်စုံတစ်ဦးမှအကြံပြုခဲ့သည်။ FOMO ဟူသော အကြောက်တရားအသစ် တစ်ခုလည်းရှိပါသည်။ဤစကားလုံးအတိုကောက်ကိုကျနုပ် TV ပေါ်တွင်စတွေ့စဉ်   ကျနော်နားမလည်ကြောင်းဝန်ခံပါသည်။အကြိမ်ပေါင်းများစွာတွေ့ရပြီးနောက်။နောက်ဆုံးတွင်ဘာကိုဆိုလိုသနည်းဟုကျနုပ်၏ဇနီးသည်ကိုမေးရာ (ခင်ပွန်းကောင်းများပြုလေ့ရှိသည်အတိုင်း) FOMO သည် "ပျောက်ကွယ်သွားမည်ကိုစိုးရိမ်ခြင်း" ဟုပြောပြခဲ့သည်။ထိုအရာရှိသိကိုပင်ကျနုပ်မသိခဲ့ပေ။အစပိုင်းတွင်  ၎င်းသည်လိမ္မာပါးနပ်သောကမ်ပိန်းကြော်ငြာတစ်ခုဟုသာယူဆရသော်လည်းယခုအခါ၎င်းသည်လူများစွာအတွက်အမှန်တကယ်ဖြစ်လာသည်။

### *Truth counteracts the lie and therefore eliminates fear.*
### *အမှန်တရားသည်လိမ်ညာမှုကိုဆန့်ကျင်ပြီးအကြောက်တရားကိုဖယ်ရှားသည်*

အကြောက်တရားအောက်တွင်ရှုန်းကန်နေရသူများမှာအမှန်တရားကိုမသိသောသူများ၊  သို့မဟုတ်အမှန်တရားအပေါ်နားလည်မှုလွဲသူများ၊သို့မဟုတ်လွဲမှားစွာအသုံးချတတ်သူများဖြစ်ကြသည်။ရှင်ပေါလုကဝိညာဉ်တိုက်ပွဲနှင့်ပါတ်သက်ပြီးဝတ်ဆင်ရမည့်လက်နက်စုံကိုဥပမာသုံးကာပြောဆိုသွားခဲ့သည်။ထိုအရာများကိုအစဉ်လိုက်(ဧဖက် ၆း၁၁)တွင်တန်းစီဖော်ပြသွားခဲ့သည်။ ပထမဦးစွာဖော်ပြထားသည်မှာ "သစ္စာတည်းဟူသောခါးပန်းဖြင့်အောင်ပွဲခံရန်" (ဧဖက် ၆း၁၄)ဖြစ်သည်။  ဝိညာဉ်ရေးရာတိုက်ပွဲတစ်ခုဖြစ်စဉ်တွင်စစ်ပွဲအတွက်ပြင်ဆင်ရန်နှင့်ပါတ်သက်သည့်အသေးစိတ်  အချက်လက်များကို ဖော်ပြထားသည်။ကျနုပ်တို့သည်ကြောက်ရွံ့ခြင်းတရားကိုအမြဲတမ်းရှောင်လွှဲရန်မဖြစ်နိုင်သော်လည်းတွန်းအားများဖြင့်သေချာပေါက်ကျော်လွှားနိုင်ပေမည်။ရဲရင့်စွာပြုမူတတ်ခြင်းသည်အကြောက်တရားမရှိသောကြောင့်မဟုတ်ပဲအကြောက်တရားကိုဖိအားပေးပြီးခြိမ်းခြောက်ခြင်းဖြစ်သည်။

## Beware the antichrist or not (အန္တိခရစ်သည်သတိထားရန်ဟုတ်မဟုတ်)

အချို့သောယုံကြည်သူများအန္တိခရစ်အကြောင်းနှင့်နောက်ဆုံးသောကာလအကြောင်းတို့ကိုပြောပြကြပြီးအကြောက်တရားနှင့်မသက်မသာခံစားရခြင်းများအတွက်ကျနုပ်အနည်းငယ်စိတ်ပျက်မိသည်။ရည်ရွယ်ချက်ရှိ၍ဖြစ်စေ၊  မရည်ရွယ်ပဲဖြစ်စေ အန္တိခရစ်နှင့်ပါတ်သက်သောအကြောင်းအရာသင်ကြားပေး

တိုင်းလူများကခံစားမှုမသက်မသာတုန့်ပြန်ကြသည်။ ကျနုပ်တို့သည်လူများကိုကြောက်ရွံ့ခြင်းနှင့်မဟုတ်ပဲ မျှော်လင့်ခြင်းဖြင့်လှုံ့ဆော်ပေးကြပါစို့။

"သင်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့်မျှော်လင့်ခြင်းပါရမီနှင့်ကြွယ်ဝစေခြင်းငှါယုံကြည်သောစိတ်ရှိ၍ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့်ပြည့်စုံမည်အကြောင်း၊မျှော်လင့်ခြင်း၏အရှင်ဘုရားသခင်သည်ကယ်မသနားတော်မူပါစေသော်" (ရောမ ၁၅း၁၃)။

ဤအချိန်သည်နောက်ဆုံးသောကာလနှင့်ပါတ်သက်၍အသေးစိတ်ဖော်ပြရှင်းလင်းရမည့်အချိန်မဟုတ်သကဲ့သို့လစ်လျူရှုရန်လည်းမဟုတ်။ကျေးဇူးပြု၍အောက်ပါအတိုချုပ်စစ်ဆေးချက်ကိုသုံးသပ်စေလိုပါသည်။ "အန္တိခရစ်" ဟူသည့်စကားလုံးကိုသမ္မာသစ်ကျမ်းစာတွင်လေးကြိမ်သာတွေ့ရှိရပြီးအားလုံးကိုတမန်တော်ရှင်ယောဟန်ကသုံးထားခြင်းဖြစ်သည်။သုံးကြိမ်ကိုသူ၏ဩဝါဒစာပထမစောင်တွင်ထည့်သွင်းအသုံးပြုပြီးနောက်တစ်လုံးကိုမူသူ၏ဒုတိယစာစောင်တွင်သုံးသည်။ယောဟန်၏ဖော်ပြချက်မှာ "အန္တိခရစ်အများရှိကြသည်" (၁ ယော ၂း၁၈)၊ "အန္တိခရစ်၏ဝိညာဉ်" နှင့် "လောကတွင်လာဆဲ၊လုပ်ရှားနေဆဲဖြစ်သည်" (၁ယော ၄း၃)။ထို "အန္တိခရစ်၏ဝိညာဉ်" ဤလောတွင်ယနေ့အလုပ်လုပ်နေသည်မှာလုံးဝသံသယဖြစ်စရာမရှိပေ။ သူ၏အလုပ်လုပ်ခြင်းကို လက်ရှိအကျပ်အတည်းဖြင့်သာကန့်သတ်၍မရနိုင်ချေ။မည်သို့ပင်ဖြစ်စေကာမူကြောက်ရွံ့စိတ်ရှိသောသူအတွက်ယောဟန်ကဆက်လက်ဖော်ပြသည့်သတင်းကောင်းကိုဆင်ခြင်စဉ်းစားခြင်းဖြင့်ထိုကြောက်ရွံ့သည့်စိတ်လွင့်ပြယ်သွားမည်ဖြစ်သည်။

"ချစ်သားတို့သင်တို့သည်ဘုရားသခင်နှင့်စပ်ဆိုင်ကြ၏။ထိုသူတို့ကိုလည်းအောင်ကြပြီ။အကြောင်းမူကား၊သင်တို့ဘက်၌ရှိသောသူသည်လောကဘက်၌ရှိသောသူထက်သာ၍ကြီးတော်မူ၏"
(၁ယော ၄း၄)။

ထို့နောက် "သားရဲ၏အမှတ်တံဆိပ်" နှင့်ပါတ်သက်ပြီးငြင်းခုံခြင်းကို (ဗျာဒိတ် ၁၃း၈) တွင်တွေ့ရသည်။အချို့ ကအခြားနည်းလမ်းဖြင့်ယုံစေလိုကြသော်လည်း ဤအရာမှာ ပုံဆောင်ချက်တစ်ခုသာဖြစ်ပြီးစာသားအတိုင်းလက်တွေ့ဖြစ်လာမည်မဟုတ်ပါ။ပြီးခဲ့သည့်နှစ်များတွင် "သားရဲ၏အမှတ်အသား" တိုက်ခိုက်မှု ဖြစ်သည်ဟုပြောဆိုခြင်းကိုသုံး၊လေးကြိမ်ခန့်အနည်းဆုံးကြားခဲ့ရသည်။

"ငါတို့ဘုရားသခင်၏ကျွန်တို့ကိုနဖူး၌တံဆိပ်မခတ်မီတိုင်အောင်၊မြေပြင်လယ်၊သစ်ပင်တို့ကိုမညှဉ်းဆဲပါနှင့်ဟုကြီးသော အသံနှင့်ကြွေးကြော်လေ၏ (ဗျာဒိတ် ၇း၃၊ ၁၄း၁)၊ သို့မဟုတ် နာမတော်များကိုအောင်မြင်သည့်ဖိလဒေလဖိယုံကြည်သူများအပေါ်တွင်အက္ခရာတင်မည် (၃း၁၂)၊ဟုဆိုရာတွင်မြင်သာသောရုပ်ပိုင်းဆိုင်ရာအမှတ်အသားကိုရည်ညွှန်းသည်။"

*(Jon K. Newton- A Pentecostal Commentary on REVELATION)*

ယနေ့ခေတ်တွင်ကုယ်ရေးကိုယ်တာအချက်လက်များဖော်ထုတ်ခြင်းအတွက် ထုတ်လုပ်ထားသောအီလက်ထရောနစ် "ထည့်သွင်းပြင်ဆင်ထားသည့်ချစ်ပ်ပြား" များကိုစမ်းသပ်ခြင်း သည်ထိုသီအိုရီများကိုနိုးဆော်ပေးသလိုဖြစ်နေသည်။ထိုကဲ့သို့ဖြစ်လာနိုင်သည်ကိုကျွန်ုပ်မငြင်းပါယ်နိုင်သော်လည်းထိုအရာမှာ "အမှတ်အသား" မဟုတ်သည်ကိုလုံးဝစိတ်ချယုံကြည်ပါသည်။ ကျွန်ုပ်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူများအားလုံးသည်ကယ်တင်ရှင်ဘုရားသခင်၏ "တံဆိပ်ခတ်ခြင်း" ခံရပြီးသောသူများဖြစ် သောကြောင့်ပင် (ဖေက် ၁း၁၃)။ကျွန်ုပ်တို့ကိုထာဝရအသက်ပေးထားပြီးဖြစ်ကြောင်းကိုယေရှုကပြောထားသည်မှာ "အဘယ်သူမျှထိုသိုးတို့ကိုငါ့လက်မှမနုတ်မယူနိုင်ရာ" (ယောဟန် ၁၀း၂၈)။

## Conclusion – Part 1

## နိဂုံး- အပိုင်း(၁)

"အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌါတော်၌နေသောသူသည်အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုလှုံရလိမ့်မည်။ထာဝရဘုရားသည်ငါခိုလှုံရာ၊ငါ၏ကျောက်၊ငါကိုးစားသောဘုရားသခင်ဖြစ်တော်မူသည်ဟုငါပြောဆို၏။အကယ်စင်စစ်မုဆိုး၏ကျော့ကွင်းနှင့်ငှင်း၊ သေတတ် သောအနာနှင့်ငှင်း၊သင့်ကို ကင်းလွတ်စေတော်မူမည်" (ဆာလံ ၉၁း၁-၃)။

ကပ်ရောဂါစဖြစ်ခါစတွင်(ဆာလံ ၉၁)သည်လည်းနေရာတကာတွင်ဖြစ်ပေါ်ကြားနေရသည်။အားလုံး၏နှတ်ခမ်းဖျားတွင်ထိုဂတိတော်ကိုကြားနေရသည်။ကျနော့အထင်ထိုသို့အမြဲပြောဆိုနေတတ်ခြင်းသည်ရှားပါးလာပြီးတဖြေးဖြေးပျောက်ကွယ်လာသည်။အဘယ်အရာပြောင်းလဲသွားပါသနည်း။ကျနော်တို့အမြဲတမ်းကြားနေရသည့်စကားလုံးမှာကိုဗစ်၊ကိုဗစ်၊ကိုဗစ်သာဖြစ်နေသည်။ကျွန်ုပ်တို့စကားဝိုင်းတိုင်းတွင်ထိုအကြောင်းကိုသာလှည့်ပါတ်ပြောဆိုရန်လိုအပ်ပါသလား။ဟုတ်ပါတယ်၊ထိုအရာနဲ့ပါတ်သက်သည့်အသိတရားအသိပေးခြင်းမှာလိုအပ်ပါသည်။သို့သော်စွဲလမ်းနေခြင်းလား။ ကျွန်ုပ်မထင်ပါ။ကျွန်ုပ်တို့၏ထာဝရအလင်းတော်နှင့်အသက်ရှင်ခြင်းကိုရပ်တန့်နေကြပြီး ယခုအဖြစ်ပျက်ကိုသာအာရုံစိုက်နေကြသည်မဟုတ်ပါလား။မိမိတို့ကိုသာအာရုံစိုက်နေကြပါသလား။

*"သမိုင်းကိုဖတ်ကြည့်မယ်ဆိုရင်လက်ရှိကမ္ဘာအတွက်အကောင်းဆုံးလုပ်ဆောင်ပေးတဲ့ခရစ်ယာန်တွေဟာသူတို့ရဲ့နောက်လာမဲ့လူတွေအတွက်ရှင်းလင်းတိကျစွာစဉ်းစားတတ်သူတွေဖြစ်တယ်။ခုခရစ်ယာန်တွေကတခြားကမ္ဘာ၊နောင်လမည့်အနာဂါတ်အတွက်စဉ်းစားမှုရပ်တန့်သွားတာကြောင့်မို့လို့သူတို့မှာထိရောက်မှုမရှိတော့ဘူး" (C. S. Lewis)*

*The Word of God has not changed, the Lord has not changed.*
*ထာဝရဘုရားသခင်နှင့်သူ့နှုတ်ထွက်စကားပြောင်းလဲခြင်းမရှိပါ*

ဆူညံသံများ၊အာရုံပျံ့လွင့်မှုများအားလုံးကြားမျှော်ပါသွားပြီးမပြောင်းလဲ၊မရွေ့လျော့နိုင်သောကျွန်ုပ်တို့၏ဘုရားသခင်၊အစ္စတန်ခိုးရှင်၏စိုးစံခြင်းကိုမျက်ခြေပြတ်မသွားကြစို့နဲ့။

"ငါသည်ထာဝရဘုရားဖြစ်၏။ပြောင်းလဲခြင်းမရှိ" (မာလခိ ၃း၆)။

ထာဝရဘုရားသခင်သည်ဤလောကိုအခြားသောအစိုးရ၊အုပ်စိုးခြင်းနှင့်အာဏာလက်သို့အပ်နှင်းရန်ရည်ရွယ်ချက်မရှိပါ။ထာဝရဘုရားသခင်သည်တန်ခိုးတော်၊ဘုန်းတော်၊ လွှမ်းမိုးအုပ်စိုး၊အုပ်ချုပ်ခြင်းရှိတော်မူသည်ဖြစ်၍သူ၏နိုင်ငံတော်သည်တုန်လှုပ်၊ရွေ့ရှားခြင်းမရှိနိုင်ရာ။

"မင်းတို့ကိုရှုတ်ချ၍မြေကြီးတရားသူကြီးတို့ကိုအနတ္တကဲ့သို့ဖြစ်စေတော်မူသောသူပေတည်း" (ဟေရှာယ ၄၀း၂၃)။

"သခင်ယေရှုကိုစေ့စေ့ထောက်ရှုလျက်နေကြကုန်အံ့" (ဟေဗြဲ ၁၂း၂)၊သူ့နိုင်ငံတော်ကိုရှာလျက်နေကြကုန်အံ့" (မဿဲ ၆း၃၃)။သူနှင့်သူ၏ဂတိတော်များကိုအားကိုးလျှက် ကျွန်ုပ်တို့၏ခရီးစဉ်ကိုအစပြုခဲ့ကြသကဲ့တို့မပျက်မစီး၊လက်တွဲကာဖြတ်သန်းကြပါစို့။ မိမိကိုယ်ကိုဘုရားသခင်၏ဝိညာဉ်တော်အောက်ဆက်ကပ်အပ်နှံခြင်း၊သူ့ကိုမှီခိုအားထားခြင်း၊နေ့စဉ်သွန်သင်လမ်းပြစောင့်ရှောက်ရန်အခွင့်ပေးခြင်းဖြင့်ကျွန်ုပ်တို့သည်နိုင်မာပြီးရဲရင့်လာမည်ဖြစ်သည်။

"သို့သော်လည်းဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာငါဖြစ်သည်အတိုင်းငါဖြစ်၏"(၁ကော ၁၅း၁၀)

He has brought us this far by His grace, and His grace will see us through, in Jesus name!

**ကျွန်ုပ်တို့ကိုသူ၏ကျေးဇူးတော်အားဖြင့်ဤနေရာထိပို့ဆောင်လာပြီးသူ့ကျေးဇူးတော်အားဖြင့်ဆက်လက်ပို့ဆောင်မည်ဟုယေရှုနာမဖြင့်ဝန်ခံပါသည်။**

"ထာဝရဘုရားသည်သင့်အားဒုက္ခမုန့်ကိုကျွေး၍ဆင်းရဲခြင်းရေကိုတိုက်တော်မူသော်လည်း၊ သင်၏ဆရာတို့သည်နောက်တဖန်ထောင့်တနေရာတည်းဖယ်ထားမည်မဟုတ်။ကိုယ်မျက်စိနှင့်ကိုယ့်ဆရာတို့ကိုမြင်ရလိမ့်မည်" (ဟေရှာယ ၃၀း၂၀)။